အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) သည် (ရမဿွာန်လ၏)

နောက်ဆုံးဆယ်ရက်တွင် (ရမဿွာန်လ၏)အခြားရက်များထက်ပို၍အထူးအားထုတ် ကြိုးပမ်းတော်မူလေ့ရှိသည်။

မုအ်မင်န်တို့၏ မိခင်ကြီး အာအိရှဟ် (ရဿွိယလ္လာဟုအန်ဟာ)က ဆင့်ပြန်ခဲ့သည်။
"အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) သည် (ရမဿွာန်လ၏)
နောက်ဆုံးဆယ်ရက်တွင် (ရမဿွာန်လ၏)အခြားရက်များထက်ပို၍ အထူးအားထုတ်
ကြိုးပမ်းတော်မူလေ့ရှိသည်။ [صحيح] [رواه مسلم]

နဗီတမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)သည် လမြတ်ရမဿွန်၏ နောက်ဆုံးဆယ်ရက်ရောက်လာသောအခါ (ရမဿွာန်လ၏)အခြားရက်များထက်ပို၍ အထူးအားထုတ်ကြိုးပမ်းတော်မူလေ့ရှိပြီး အိဗာဒသ်ခဝပ်ကိုးကွယ်မှုများ၊ နာခံမှုများကိုအားသွန်ခွန်စိုက်ပြုလုပ်ကာ ကောင်းမှုအမျိုးမျိုး၊ ရက်ရောစွာပေးကမ်းမှုများနှင့်အိဗာဒသ်ခဝပ်ကိုးကွယ်မှုအမျိုးအမျိုးကို အထူးတလည် မြှင့်တင်ပြုလုပ်လေ့ရှိသည်။ဤသို့ပြုလုပ်ခြင်းမှာ ထိုညများ၏ ကြီးကျယ်မြင့်မြတ်မှုများနှင့်အကျိုးကျေးဇူးတော်များကြောင့် ဖြစ်ပြီး 'လိုင်လသုလ်ကဒရ်' (ကဒရ်ည)ကို ရှာဖွေရန် အတွက်ဖြစ်သည်။

http://sunnah.global/hadeeth/my/show/3755